**Campaign Message**

**“ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုမှတစ်ဆင့် ပိုမိုဘေးကင်းသော လုပ်ငန်းခွင်ဆီသို့”**

ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းဖြင့် အာဆီယံနိုင်ငံများရှိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုကောင်းမွန်စေရန် အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပါသည်။

ဉာဏ်ရည်တုနည်းပညာ(AI)၊ သတင်းအချက်အလက် ဆန်းစစ်ချက်များ၊ အွန်လိုင်းအစီရင်ခံစနစ်များ၊ ခေတ်မီ စောင့်ကြည့်စစ်ဆေးရေးစနစ်များနှင့် Mobile Applications အပါအဝင် ဒီဂျစ်တယ်နည်းပညာများသည် လုပ်ငန်းခွင်ထိခိုက်မှုများကို ကြိုတင်ကာကွယ်ရန်၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုကို မြှင့်တင်ရန်၊ အလုပ်သမားရေးရာ စစ်ဆေးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်နှင့် အလုပ်အကိုင်ကဏ္ဍာပေါင်းစုံမှ အလုပ်သမားများကို ပိုမိုထိရောက်စွာ အကာအကွယ်ပေးရန် အထောက်အကူပြုနိုင်ပါသည်။

အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် (ASEAN-OSHNET) သည် အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန်၊ ကျွမ်းကျင်မှုများ မြှင့်တင်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် နည်းပညာများကို ပြောင်းလဲအသုံးပြုရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များအားလုံးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အသိပညာများကို ပိုမိုကောင်းမွန်စွာ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

“အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ဖို့ ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုကို အတူတကွ ရှေ့သို့တိုးမြှင့်ဆောင်ရွက်ကြပါစို့”

#ASEANOSHNET #SafeAndHealthyWorkplace #ASEANVision2045